FAIR HOUSING CENTER of CENTRAL INDIANA

# မျှတသော အိုးအိမ်ရရှိခြင်း နှင့် မိသားစုအခြေအနေ ကာကွယ်ခြင်းများ

### အချက်အလက် စာရွက် # 3

**Fair Housing Center of Central Indiana အဖွဲ့မှထုတ်ဝေသည်**

မိသားစုအခြေအနေပေါ် အခြေခံသော ခွဲခြားဆက်ဆံမှုကို ဖက်ဒရယ်နှင့် အင်ဒီယာနာ ပြည်နယ်အစိုးရ၏ မျှတသော အိုးအိမ်ရရှိရေး ဥပဒေများမှ တားမြစ်ထားသည်။ ဤသို့ဆောင်ရွက်ခြင်းသည် အသက် ၁၈ နှစ်အောက်ရှိသော သူများပါဝင်သည့် မိဘနှစ်ဦးစလုံးရှိသော အိမ်ထောင်စုများနှင့် မိခင်၊ ဖခင် တဦးတည်းရှိသော အိမ်ထောင်စုများအတွက် အခြားသော နေအိမ်ရလိုသူများနှင့် နေထိုင်သူများကဲ့သို့ပင် တန်းတူညီမျှသော ဆက်ဆံမှုကို သေချာစေရန်အတွက်ဖြစ်သည်။ ကံဆိုးစွာဖြင့် မိသားစုအခြေအနေသည် အိုးအိမ်ဆိုင်ရာ ခွဲခြားဆက်ဆံမှု ပုံစံအများစုထဲမှ တခုဖြစ်နေသေးသည်။

ကလေးရှိသောမိသားစုများကို အကာအကွယ်ပေးရန်အတွက် တရားမျှတသော အိမ်ရာရရှိရေး အက်ဥပဒေကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်ကတည်းက ပြင်ဆင်မွမ်းမံခဲ့သော်လည်း အိမ်ထောင်စုတွင် ကလေးများရှိနေခြင်းကို အခြေခံ၍ ခွဲခြားဆက်ဆံမှုသည် ဥပဒေနှင့်မကိုက်ညီကြောင်း သတိမထားမိသူ များစွာရှိနေသေးသည်။ ဤအချက်အလက်စာရွက်သည် အင်ဒီယာနာတွင် ကလေးများနှင့် ဆယ်ကျော်သက်များပါရှိသည့် နေအိမ်ရလိုသူများ အနေနှင့် မိမိ၏ အခွင့်အရေးများနှင့် အိမ်ရာလုပ်ငန်းရှင်များ၏ တာဝန်ဝတ္တရားများကို နားလည်သဘောပေါက်ထားရန်အတွက် အထောက်အကူ ဖြစ်စေလိမ့်မည်။

**မိသားစုအခြေအနေဆိုတာဘာလဲ။** မိသားစုအခြေအနေ ဆိုသည်မှာ တဦးချင်းနေထိုင်သူ၊ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ(များ)၊ မိဘ(များ)၊ နှင့်အတူ နေထိုင်သော အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ်များ ကိုဆိုလိုခြင်းဖြစ်သည်။ ၎င်းတို့တွင် မွေးစားကလေးများ၊ ယာယီအုပ်ထိန်းထားသည့် ကလေးများ၊ လင်ပါ၊ မယားပါ ကလေးများ၊ အလားတူပင် ကိုယ်ဝန်ဆောင် သို့မဟုတ် အသက် ၁၈ နှစ်အောက် ကလေးကို ထိန်းသိမ်းခွင့် သို့မဟုတ် အုပ်ထိန်းခွင့် ရရှိရန် လုပ်ဆောင်နေဆဲ ဖြစ်သော မည်သူမဆိုတို့လည်း ပါဝင်သည်။

**မည်သည့် လုပ်ဆောင်မှုများကို မိသားစုအခြေအနေပေါ် ခွဲခြားဆက်ဆံမှုအဖြစ် သတ်မှတ်သလဲ။** အသက် ၁၈ နှစ်အောက် ကလေးများပါရှိနေသောကြောင့် မိသားစုများကို အိမ်ငှားရန် ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ထားခြင်းသည် ဥပဒေနှင့်မကိုက်ညီပါ။ ဥပမာများအဖြစ်ပါဝင်သည်တို့မှာ၊

- ၁၈ နှစ်အောက်ရှိသူများပါနေသည့် မိသားစုကို အိမ်ငှားရန် ငြင်းပယ်ခြင်း။
- အိမ်ငှား၊ အိမ်ဝယ်မည့် အလားအလာရှိသူတွင် ကလေးများရှိသည်ကို သိရှိပြီး နောက် အိမ်ရာကို မရရှိနိုင်ကြောင်း ပြောဆိုခြင်း။
- အိမ်ယာအသိုင်းအဝန်းမှ ကလေးများနှင့် ဆယ်ကျော်သက်များကို အလိုမရှိ သို့မဟုတ် လက်မခံဟု ကြော်ငြာတွင်ဖော်ပြ ခြင်း သို့မဟုတ် ဆိုလိုခြင်း။
- ကလေးများရှိသည့် အိမ်ထောင်စုများအတွက် အရွယ်ရောက်ပြီးသော နေထိုင်သူ များနှင့်ကွဲပြားသည့် စည်းကမ်းချက်များ နှင့်ကန့်သတ်ချက်များ သတ်မှတ်ထားခြင်း။
- ကလေးမွေးပြီးနောက် သို့မဟုတ် မွေးစားပြီးနောက် အိမ်ငှားကို နှင်ထုတ်ခြင်း။
- သီးသန့်အဆောက်ဦး သို့မဟုတ် အထပ်တွင်သာ ငှားခွင့်ပြုခြင်းဖြင့် မိသားစု များ၏ အိမ်ရာရွေးချယ်မှုများကို ကန့်သတ်ထားခြင်း ("နေရာလွှဲပြောင်းခြင်း (steering)" ဟုလည်းခေါ်ဆိုသည်)။

ကလေးများ သို့မဟုတ် ကလေးရှိသည့် မိသားစုများအပေါ် အချိုးမကျစွာ သို့မဟုတ် မတရား နစ်နာစေသည့် စည်းမျဉ်းများ ချမှတ်ခြင်းလည်း တရားမျှတသော အိမ်ရာဥပဒေများကို ချိုးဖေါက်ခြင်းဖြစ်သည်။ ဥပမာများအဖြစ်ပါဝင်သည်တို့မှာ၊

- အသက်ပြည့်သူများကို အသုံးပြုခွင့်ပေးထားသည့် ရေကူးကန်များ သို့မဟုတ် အသင်းတိုက်များ ကဲ့သို့သော အများသုံး အဆောက်အအုံများကို ၁၈ နှစ်အောက် များ အနေနှင့် အသုံးပြုရန် ခွင့်မပြုခြင်း။
- အဆင်ပြေစေမည့် အများသုံး ဝန်ဆောင်မှုများကို အရွယ်ရောက်သူများသာ အသုံးပြုခွင့်ပေးသည့် ကာလသတ်မှတ်ထားခြင်း။
- ကလေးများနှင့် ဆယ်ကျော်သက်များ နှင့်သာသက်ဆိုင်သော ညမထွက်ရ သို့မဟုတ် "ဆိတ်ငြိမ်ချိန်များ" သတ်မှတ်ထားခြင်း။
- မလျော်ကန်သော လူဦးရေကန့်သတ်မှု ပြဋ္ဌာန်းထားခြင်း။
- ကျား၊ မ အမျိုးအစားမတူသော ကလေးများကို အခန်းမျှဝေအသုံးမပြုရန် တားမြစ်ထားခြင်း။
- ကလေးမရှိသော မိသားစုများထက် ကလေးများနှင့် ဆယ်ကျော်သက်များ ပါရှိသည့် မိသားစုများကို အိမ်ငှားခ သို့မဟုတ် စရန်ငွေ ပိုပေးရန် သတ်မှတ်ခြင်း။

ငှားရမ်းသူ "တဦးစီအတွက်" အပိုကြေးများ တောင်းခံခြင်းသည် အိမ်ရာမြေပိုင်ရှင် သို့မဟုတ် မန်နေဂျာအနေနှင့် ယင်းငွေပမာဏကို မည်သို့ရရှိသည်ကို အထောက်အထား ပြနိုင်ခြင်းမှလွဲ၍ ဥပဒေနှင့်မကိုက်ညီပါ။ ဥပမာအားဖြင့် ရေခ၊ မီးခ ကုန်ကျစရိတ် ပိုများလာသည်ကို မီတာနှင့် တိုင်းခြင်း။ နေထိုင်မှုအခကြေးများသည် ကလေးရှိသော မိသားစုများအပေါ် အချိုးမကျ ထိခိုက်စေသည်ကို တွေ့ရှိရသဖြင့် ခွဲခြားဆက်ဆံမှု ပုံစံအဖြစ် မသတ်မှတ်စေရန်အတွက် ပိုမိုတိုးမြင့်တက်လာသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ တရားဝင် ကုန်ကျစရိတ်များအပေါ် အခြေခံရမည်။

အလားတူပင် ဤစည်းမျဉ်းများ သို့မဟုတ် ပြဋ္ဌာန်းချက်များကို မိခင်၊ ဖခင် တဦးတည်းရှိသော အိမ်ထောင်စုအပေါ် အကျုံးဝင်ပြီး မိဘနှစ်ဦးစလုံးရှိသော အိမ်ထောင်စုအပေါ် အကျုံးမဝင်ခြင်း၊ သို့မဟုတ် သီးသန့်ပိုင်းခြားထားသော အသက်အရွယ်ရှိသူများ၊ ဥပမာ အားဖြင့် ဆယ်ကျော်သက်များအပေါ် အကျုံးခြင်း၊ စသည့်အခြေအနေ တခုခုရှိပါက မိသားစုအခြေအနေပေါ် အခြေခံပြီး တရားမျှတ သော အိမ်ရာဥပဒေများကို ချိုးဖောက်နိုင်ခြေရှိသည်။

**ဥပမာအားဖြင့် ကလေးရှိသောမိသားစုများကို တိုက်ခန်းတွဲ၏ ပထမအထပ်တွင်သာ နေရမည်ဆိုပြီး ဘေးကင်းလုံခြုံမှု အပေါ်အခြေခံသော ကန့်သတ်ချက်များဖြစ်ခဲ့လျှင် ဘယ်လိုဖြစ်မလဲ။** နေထိုင်သူလူမှုအသိုင်းအဝိုင်းအတွက် စည်းမျဉ်းစည်းကမ်းများသည် နေထိုင်သူများ အားလုံးအပေါ် အကျုံးဝင်မှု တန်းတူညီမျှ ဖြစ်ရမည်။ အိုးအိမ်နှင့် ပတ်သက်၍ ကိုယ့်မိသားစုအတွက် အသင့်တော်ဆုံး ဖြစ်မည့်နေရာကို ဆုံးဖြတ်ရာတွင် မိဘများ သို့မဟုတ် အုပ်ထိန်းသူများ၏ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်ပြီး ၎င်းတို့၏ မိသားစုအခြေအနေ မည်သို့ပင်ဖြစ်စေ အိမ်ရာရွေးချယ်ရာတွင် အခန်းနေရာအားလုံးကို ထည့်သွင်းစဉ်းစားခွင့်ရှိသည်။ ကလေးများရှိသော အိမ်ငှားများဖြစ်မည့် အလားအလာရှိသူများအတွက် အချို့သောအခန်း သို့မဟုတ် နေရာကိုသာ စိုးရိမ်မှုများရှိကြောင်းကို ဖော်ပြလျှင် ခွဲခြားဆက်ဆံမှုဖြစ်သည်။ ကလေးရှိသောမိသားစုများသည် အိမ်ရာမြေ စည်းမျဉ်းများ နှင့် မူဝါဒများကို လိုက်နာရမည်။ ယင်းသို့လိုက်နာရာတွင် စည်းမျဉ်းများ နှင့် မူဝါဒများသည် ကလေးရှိသောမိသားစုများ အတွက်သာမဟုတ်ပဲ လူတိုင်းအပေါ် အကျုံးဝင်ရမည်။

**မိသားစုအခြေအနေပေါ် ခွဲခြားဆက်ဆံမှုသည် ငှားရမ်းမှုများတွင်သာ ဥပဒေနှင့်မညီ ဖြစ်ပါသလား။** ငှားရမ်းခြင်း၊ ဝယ်ယူခြင်း၊ ချေးခြင်း၊ အာမခံကြေး၊ နယ်မြေသတ်မှတ်ခြင်း၊ နှင့် ကြော်ငြာတင်ခြင်း၊ စသည်တို့အပါအဝင် အိမ်ရာမြေ လုပ်ငန်း အရောင်းအဝယ်မှတ်တမ်းများ အားလုံးတွင် မိသားစုအခြေအနေပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုသည် ဥပဒေနှင့်မကိုက်ညီပါ။ အိမ်နီးနားချင်းများ သို့မဟုတ် အခြားသော အိမ်ငှားအသိုင်းအဝိုင်း အဖွဲ့ဝင်များ အနေနှင့် နေထိုင်သူများကို မိသားစုအခြေအနေကြောင့် ထိပါးနှောင့်ယှက်ခြင်း သို့မဟုတ် တနည်းအားဖြင့် လက်မခံနိုင်ကြောင်း သွယ်ဝိုက်ညွှန်းဆိုခြင်း၊ သို့မဟုတ် ကိုယ်ဝန်ရှိနေမည့် အမျိုးသမီးဖြစ်နိုင်သည် ဆိုပြီး ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီရမည်ဟု သတ်မှတ်ခြင်း၊ စသည်တို့လည်း မျှတသော အိုးအိမ်ရရှိရေး ဥပဒေများကို ချိုးဖောက်ပါသည်။

**ကြော်ငြာအတွက် စည်းမျဉ်းစည်းကမ်းများက ဘာလဲ။** အိုးအိမ်ဆိုင်ရာ ကြော်ငြာများတွင် ၁၈ နှစ်အောက် ပုဂ္ဂိုလ်များကို အိမ်ရာမြေအဆောက်အအုံတွင် လက်မခံကြောင်း ထုတ်ပြန်ခြင်း သို့မဟုတ် သွယ်ဝိုက်ညွှန်းဆိုခြင်းသည် တရားမဝင်ပါ။ “အရွယ်ရောက်သော” သို့မဟုတ် “ကျွမ်းကျင်သူပညာရှင်ဖြစ်သော” နေထိုင်သူများ အတွက်သာ ကြော်ငြာခြင်း သို့မဟုတ် တနည်းအားဖြင့် ကလေးများရှိသော နေထိုင်သူဖြစ်လာနိုင်ခြေ အလားအလာရှိသူများကို လျှောက်လွှာမတင်စေရန် ဟန့်တားခြင်းလည်း ဥပဒေနှင့်မကိုက်ညီပါ။ ယင်းသည် ပုံနှိပ်၊ အွန်လိုင်း နှင့် နှုပ်အားဖြင့် ကြော်ငြာခြင်း ပုံစံအားလုံးအတွက် အကျုံးဝင်သည်။

နေထိုင်သူအသိုင်းအဝိုင်းတွင် "မိသားစုနှင့်လိုက်ဖက်သည်" ဟုကြော်ငြာခြင်းကို ခွင့်ပြုနိုင်သည်၊ အဘယ်ကြောင့်ဆိုသော် ဥပဒေအရ အကာအကွယ်ပေးထားသည့် အခြားသောပုဂ္ဂိုလ်များ၏ အိမ်ငှားရန် လျှောက်လွှာတင်ခွင့်ကို မထိပါးစေပါ။ သို့သော်ငြားလည်း “အရွယ်ရောက်သူများကို ဦးစားပေးသည်”၊ “ကလေးများမပါ”၊ “3 ယောက်အတွက် $550၊ 4 ယောက်အတွက် $650”၊ “တဦးတည်းဖြစ်သော ကျွမ်းကျင်သူပညာရှင်အတွက် အကောင်းဆုံး" ၊ သို့မဟုတ် အခြားသော အလားတူဝေါဟာရများ၊ စသည့် စကားများကို ထုတ်ဖော်တင်ပြခြင်းသည် မျှတသော အိုးအိမ်ရရှိရေး ဥပဒေများကို ချိုးဖေါက်ခြင်း ဖြစ်နေနိုင်သည်။

**မျှတသော အိုးအိမ်ရရှိရေး ဥပဒေများကို ချိုးဖောက်ခြင်းမရှိပဲ အရွယ်ရောက်သူ တဦးတည်းရှိသော အိမ်ငှားကို ဦးစားပေး၍ ကလေးများရှိသော အိမ်ထောင်စုကို အိမ်ငှားရန်ငြင်းပယ်သည့် အခြေအနေများ ရှိပါသလား။** အိမ်ရာမြေပိုင်ရှင် အနေနှင့် အိမ်ငှားရန်လျှောက်ထားသူ အားလုံးနှင့် အကျုံးဝင်သည့် ဘက်မလိုက် သတ်မှတ်ချက်များအရ အိမ်ငှားဖြစ်မည့် အလာအလာရှိသူ မည်သူကိုမဆို ငြင်းပယ်ခွင့်ရှိသည်။ ဥပမာများတွင် မိသားစုများအပေါ် ခွဲခြားသောသက်ရောက်မှု တခုမှမရှိသော ခရက်ဒစ် အကြွေးအစီရင်ခံစာများ နှင့် အိမ်ငှားမှတ်တမ်းများ ပါဝင်သည်။ သို့သော်ငြားလည်း ကလေးများပါရှိနေသည့် အကြောင်းရင်းတခုတည်းကြောင့် ငြင်းပယ်ခြင်းဖြစ်ပါက မျှတသော အိုးအိမ်ရရှိရေး ဥပဒေများကို ချိုးဖောက်သည့် အခြေအနေ ဖြစ်နိုင်သည်။

**ခြွင်းချက်များ ရှိပါသလား။** မျှတသော အိုးအိမ်ရရှိရေး ဥပဒေများအရ မိသားစု အခြေအနေကို ကာကွယ်ရာတွင် ခြွင်းချက်အဖြစ် သတ်မှတ်ချက်နှင့် ကိုက်ညီသော အသက်ကြီးသူအတွက် အိုးအိမ်ရရှိခြင်းသာ ဖြစ်ပြီး ၁၉၉၅ ခုနှစ်ထုတ် သက်ကြီးရွယ်အိုအတွက် အိုးအိမ်ရရှိရေး အက်ဥပဒေတွင် ချမှတ်ထားသည့်အတိုင်း မျှတသော အိုးအိမ်ရရှိရေး ဥပဒေများအရ ခြွင်းချက်အဖြစ် ခွင့်ပြုထားသည်။ အသက်ကြီးသူများအတွက် အိုးအိမ်ချမှတ်ရာတွင် ထိုအတိုင်း ကြော်ငြာရန်အတွက် အလွန်အရေးကြီးပြီး ကလေးရှိသောမိသားစုများကို အိမ်မငှားပဲငြင်းပယ်ရန်အတွက် အခြားသော မည်သည့်စည်းမျဉ်းစည်းကမ်း ပြဋ္ဌာန်းချက်များနှင့်မဆို ကိုက်ညီနေရမည်။ စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီပါက မိသားစုအခြေအနေအပေါ် ကာကွယ်ခြင်းများ၏ ခြွင်းချက်အဖြစ် သတ်မှတ်မည်မဟုတ်ပါ။

**မိမိအနေနှင့် မိသားစုအခြေအနေအပေါ် ခွဲခြားဆက်ဆံမှု ခံရသူဖြစ်သည်ဟု ယူဆရပါက ဘာလုပ်သင့်လဲ။** အိုးအိမ်ဆိုင်ရာ ခွဲခြားဆက်ဆံမှုသည် ဥပဒေနှင့် မကိုက်ညီသဖြင့် သင့်အနေနှင့် တိုင်ကြားချက် တင်သွင်းခွင့်ရှိသည်။ သင့်တွင် မေးခွန်းတခုခုရှိပါက သို့မဟုတ် သင့်အခွင့်အရေးများ သို့မဟုတ် ရွေးချယ်စရာများအတွက် တိုင်ပင်လိုပါက ကျေးဇူးပြု၍ FHCCI ကိုဆက်သွယ်ပါ။

*ဤစာရွက်စာတမ်းသည် အိုးအိမ်ဆိုင်ရာအခွင့်အရေးများ နှင့်ပတ်သက်ပြီး မိဘတိုင်းသိသင့်သော အချက်ငါးချက် ("Five Facts Every Parent Should Know About Their Housing Rights") ဖြစ်သော HUD အဖွဲ့မှ မတ်လ 20 ရက်နေ့၊ 2008 တွင် ထုတ်ဝေသည့် သတင်းမှ ရရှိသော အချက်အလက်များ ပါဝင်သည်။ Fair Housing Center of Central Indiana (FHCCI) ၏ ခံယူထားသောတာဝန်သည် ထောက်ခံအားပေးခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ ပညာပေးခြင်းနှင့် ဒေသကျော် ကမ်းလင့်ထောက်ကူခြင်းများ မှတဆင့် အိမ်ရာခွဲခြားဆက်ဆံမှုကို ဖျက်သိမ်းခြင်းဖြင့် တန်းတူညီမျှသော အိမ်ရာအခွင့်အရေးများ ရရှိစေရန်ဆောင်ရွက်ပါသည်။ FHCCI တည်ရှိသောနေရာ။ 445 N. Pennsylvania St., Suite 811, Indianapolis, IN 46204. ဖုန်း၊ 317-644-0673 သို့မဟုတ် 855-270-7280. ဆင့်ကန်းသတင်းပို့စနစ်။ 711. အီးမေးလ်၊ info@fhcci.org ဝက်ဘ်၊ www.fhcci.org*

EQUAL HOUSING OPPORTUNITY

*ဤစာကိုပုံနှိပ်ထုတ်ဝေသော အခြေခံစီစဉ်ဆောင်ရွက်ချက်အား U.S. အိမ်ရာနှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ ထောက်ပံ့ကြေး/ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အောက်မှ ငွေကြေးထောက်ပံ့မှုဖြင့် ကူညီပံ့ပိုးခဲ့ပါသည်။ ဤလုပ်ငန်း၏ အချက်အလက်များနှင့် တွေ့ရှိချက်များသည် လူထုအတွက်ရည်စူးထားပါသည်။ ဤပုံနှိပ်ထုတ်ဝေမှုတွင် ပါဝင်သော ထုတ်ပြန်ချက်များနှင့် အဓိပ္ပါယ်ကောက်နုတ်ချက်များ၏ မှန်ကန်မှုသည် စာရေးသူနှင့်ပုံနှိပ်ထုတ်ဝေသူများ၏ တာဝန်သာဖြစ်ပါသည်။ ဤအချက်အလက်သည် ဥပဒေဆိုင်ရာအကြံပေးခြင်းမဟုတ်ပါ။ အခြေအနေတခုခုနှင့် ပတ်သက်ပြီး ဥပဒေဆိုင်ရာအကြံပြုချက် လိုအပ်ပါက ရှေ့နေကိုဆက်သွယ်ပါ။ မသန်စွမ်းသူများအတွက် တောင်းဆိုလာပါက အခြားပုံစံဖြင့် ထုတ်ဝေနိုင်ပါသည်။* *© Fair Housing Center of Central Indiana 2024. FHCCI ၏ ဖော်ပြထားသောခွင့်ပြုချက်မရှိဘဲ အသုံးမပြုရ။* *Version 3/24. P013.*